# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ
# အမိန့်ကြော်ငြာစာ

**အမှတ်၊ ၁၂ / ၂၀၁၆**

**၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်**

**(၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သောလုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ဘေးသင့်ဒေသနှင့် ဘေးသင့်ပြည်သူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းကာ အသက်မွေးဝမ်းကျောင်းများ ပြန်လည်ထူထောင်ပေးခြင်း၊ ကွဲကွာသွားသော မိသားစုများပြန်လည် ပေါင်းစည်းပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရသူများအား စိတ်ဓါတ် ပြန်လည်မြှင့်တင်ပေးခြင်း၊ မူလအခြေအနေထိသာမက မူလအခြေအနေထက်သာလွန် ကောင်းမွန်သောအခြေအနေအထိ ပြန်လည်ထူထောင်ပေးခြင်းစသောလုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း(၃)၊ ပုဒ်မ ၅(ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>သမဝါယမဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်းဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ဒေသ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လေ့လာဆန်းစစ် ဖော်ထုတ်ထားရန်၊

(ခ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေး အစီအမံများ ကြိုတင်ရေးဆွဲထားရှိရန်၊

(ဂ) ဒေသအလိုက်၊ရာသီကာလအလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေ ပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်သင့်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြည်သူသို့ အကြံပေးရန်၊ လိုအပ်ပါကနည်းပညာပံ့ပိုးပေးရန်၊ သင်တန်းများပေးရန်(ဥပမာ။ ရေနက်ကွင်းများတွင် စိုက်ပျိုးနိုင်သည့် မျိုးစပါးများ/ရေဒဏ်ခံနိုင်သည့် မျိုးစပါးများ စိုက်ပျိုးခြင်း၊ ရေကြီးနိုင်သည့်ဒေသတွင် ကြက်မွေးမြူရေးလုပ်ငန်းအစား၊ ရေတွင် အသက်ရှင်နိုင်သည့် ဘဲမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊)

(ဃ) ဘေးသင့်ဒေသတွင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုပုံမှန်ပြန်လည် လုပ်ကိုင်နိုင်ရေးအတွက် ရင်းနှီးမတည်ပေးနိုင်ရေး၊ နည်းပညာပံ့ပိုးပေးရေး၊ လုပ်ငန်းလည်ပတ်နိုင်ရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊

(င) ပြန်လည်ထူထောင်ရေးအပိုင်းတွင် အစောပိုင်းကာလပြန်လည် ထူထောင်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ပေးရမည့်အပိုင်းဟူ၍ ခွဲခြားသတ်မှတ်ဆောင်ရွက်ရန်၊

(စ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ကဏ္ဍများတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများ၊ UN, INGOs, NGOs အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ကွဲကွာသွားသော မိသားစုများ ပြန်လည်ပေါင်းစည်းရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ပြီး လူမှုအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်ပေးရန်၊

(ဇ) ဘေးသင့်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင်

ဘေးသင့်ဒေသများ၌ ရေရှည်တည်မြဲစေမည့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေမည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရေးအတွက် ဆောင်ရွက်ပေးရန်၊

(ဈ) ဘေးသင့်ပြည်သူများ၏ လူနေမှုဘဝကိုမူလအခြေအနေရောက်သည်အထိ ထူထောင်ပေးပြီး ထိုသို့မူလအခြေအနေရောက်သည်အထိ ထူထောင်ပြီးပါကနိုင်ငံတော်၏ မူလဖွံ့ဖြိုးရေးစီမံချက်ပါအတိုင်း ပြည့်မီအောင် ထူထောင်ပေးရန်၊

(ည) ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝ ဘေးလျှော့ပါးရေးလုပ်ငန်းစဉ်များ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန်၊ (မူလဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိသောလူသားအရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများကို ထည့်သွင်းတွက်ချက်တည်ဆောက်ခဲ့ပါက အန္တရာယ် ဖြစ်ပွားလွယ်မှုလျော့နည်းပြီး ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ကာ ပြန်လည် ထူထောင်ရေးကိစ္စရပ်တွင်လည်း လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။)

(ဋ) ဘေးသင့်ဒေသများ၏ ကုန်စည်စီးဆင်းမှုပုံမှန်ပြန်လည်ဖြစ်စေရေးအတွက် ဆောင်ရွက် ပေးရန်၊

(ဌ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေးအခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကိုမှတ်တမ်းပြုစုထားရှိရန်နှင့်(၃)လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဎ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ(ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ